Message Two

# စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ကျွန်ုပ်တို့ကိုယ်တိုင်ထဲမှထွက်၍ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ရန် သမ္မာတရားအားဖြင့် သန့်ရှင်းစင်ကြယ်ခံရခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁၇:၁၄-၂၄

**I. သမ္မာတရားသည် သမ္မာကျမ်းစာ၏ အကြောင်းရင်းမှန်များအပေါ် ထွန်းလင်းသော ဘုရားဆိုင်ရာအလင်းဖြစ်ပြီး၊ ဤအကြောင်းရင်းမှန်များ၏ ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ်ရေးရာ ရှုပါရုံကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ရှပ်သံထုတ်လွှင့်ပေးသည်။ ဓမ္မသစ်ကျမ်း၌ သမ္မာတရားသည် ဤသို့သော "ကောင်းကင်ဆိုင်ရာ ရုပ်မြင်သံကြား"ကို ရည်ညွှန်းသည်။**

A. ဘုရားဆိုင်ရာ အကြောင်းရင်းမှန်များအားလုံးသည် နှုတ်ကပတ်တော်၌ ပါဝင်ထားပြီး၊ နှုတ်ကပတ်တော်မှတစ်ဆင့် ကျွန်ုပ်တို့ထံ သယ်ဆောင်ခံရသည်။ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်အပေါ် ထွန်းလင်းသောအခါ ကျွန်ုပ်တို့တွင် ကောင်းကင်ဆိုင်ရာ ရုပ်မြင်သံကြားကို ရရှိကြသည်။ နှုတ်ကပတ်တော်၌ရှိသည့် အကြောင်းရင်းမှန်များအပေါ် အလင်း ထွန်းလင်း၍၊ ဤအကြောင်းရင်းမှန်များ၏ ကောင်းကင်ဆိုင်ရာ ရှုပါရုံကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ သယ်ဆောင်ပေးကာ၊ ကျွန်ုပ်တို့သည် သမ္မာတရားကို သိကြသည် - တ၊၂၆း၁၆၊ ၁၉။ ဧ၊၁း၁၇-၁၈က။

B. ဝိညာဉ်တော်ကို သမ္မာတရား၏ဝိညာဉ်တော်၊ စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဟု ခေါ်ဆိုသည် (ယော၊၁၄း၁၇)။ စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် "ကောင်းကင်ဆိုင်ရာ လျှပ်စစ်ဓာတ်"ဖြစ်ပြီး၊ ယင်းအားဖြင့် ဝိညာဉ်ရေးရာအရာများကို ကျွန်ုပ်တို့ ဖြစ်ခြင်းအထဲသို့ ရှပ်သံထုတ်လွှင့်ပေးခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို "စစ်မှန်ခြင်းအလုံးစုံအထဲသို့" လမ်းပြပေးပြီး (၁၆း၁၃)၊ သားတော် ဖြစ်ခြင်းရှိသမျှ၊ သားတော်၌ရှိသမျှကို ကျွန်ုပ်တို့ထံ စစ်မှန်စေသည် (၁း၁၄၊ ၁၇။ ၁၄း၆)။

C. သမ္မာတရား၏ဝိညာဉ်တော်၊ စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ကာ ပါရှိနေသည့် ဝိညာဉ်ရေးရာအကြောင်းရင်းမှန်များအပေါ် ထွန်းလင်းသောအခါ၊ ကျွန်ုပ်တို့သည် စစ်မှန်ခြင်းဟူသော သမ္မာတရားကို လက်ခံရရှိကြသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ထွန်းလင်းခြင်းမရှိဘဲ နှုတ်ကပတ်တော်ကို ဖတ်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၌ ဩဝါဒ သို့မဟုတ် "သတင်းထုတ်ပြန်ချက်များ"ကို ရရှိမည်ဖြစ်သော်လည်း၊ သမ္မာတရား၊ စစ်မှန်ခြင်း သို့မဟုတ် ရှုပါရုံကို ရရှိမည်မဟုတ်ပေ - ညွှန်း၊ ယော၁၊၄၂း၅။ ယော၊၅း၃၉-၄၀။ ၂ကော၊၃း၆။

D. သမ္မာတရားသည် အလင်း၏ ထွန်းလင်းခြင်း၊ အလင်း၏ ထင်ရှားဖော်ပြခြင်း ဖြစ်သည်။ တစ်နည်းဆိုသော်၊ သမ္မာတရားသည် ထင်ရှားလာသည့် အလင်းဖြစ်သည်။ အလင်းသည် သမ္မာတရား၏ အရင်းဖြစ်ပြီး၊ သမ္မာတရားသည် အလင်း၏ ရလဒ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အလင်း၌ လျှောက်လှမ်းသောအခါ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ကြခြင်းပင် ဖြစ်သည် - ယော၊၁း၄-၅၊ ၇-၉၊ ၁၂-၁၃။ ၈း၁၂။ ၁၄း၆။ ၁ယော၊၁း၅-၆။ ၂ယော၊၄။ ၃ယော၊၃-၄။

E. သခင်ဘုရားသည် အလင်း၊ သမ္မာတရားနှင့် နှုတ်ကပတ်တော်ဖြစ်သည်။ သမ္မာတရားလည်းဖြစ်သော နှုတ်ကပတ်တော်သည် အလင်းကို ပေးသည်၊ အကြောင်းမှာ နှုတ်ကပတ်တော်၌ အလင်းရှိသောကြောင့် ဖြစ်သည် - ယော၊၈း၁၂။ ၁၄း၆။ ၁၇း၁၇။ ဆာ၊၁၁၉း၁၀၅၊ ၁၃၀။

F. သမ္မာတရားသည် အသက်၏အလင်းတည်းဟူသော အလင်း၏ ထွန်းလင်းခြင်းဖြစ်သောကြောင့် သမ္မာတရား၊ အလင်း နှင့် အသက်တို့သည် ခွဲခြား၍မရနိုင်ပါ။ ဘုရားဆိုင်ရာအလင်းသည် ကျွန်ုပ်တို့အထဲသို့ ထွန်းလင်းသောအခါ၊ ၎င်းသည် ကျွန်ုပ်တို့၌ သမ္မာတရားဖြစ်လာပြီး၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ အသက်ကို ဖြည့်သွင်းပေးသည် - ယော၊၈း၁၂၊ ၃၂၊ ၄၀။ ၁၂း၃၅-၃၆၊ ၄၆။ ၁၄း၆။

**II. သမ္မာတရား၏ လုပ်ဆောင်ချက်နှစ်ခု ရှိသည်။**

A. သမ္မာတရားသည် ကျွန်ုပ်တို့ကို အပြစ်၏ကျေးကျွန်မှ လွတ်မြောက်စေသည်၊ အနုတ်လက္ခဏာအရာများ အားလုံးမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေသည် - ၈း၃၂၊ ၃၆။

B. သမ္မာတရားသည် ကျွန်ုပ်တို့ကို အနေအထားဆိုင်ရာနှင့် အတွင်းပင်ကိုစိတ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်ပေးသည်၊ ဘုရားသခင်၏ ဒြပ်သဘောသဘာဝဖြင့် ပျော်ဝင်ပြည့်ဝစေသည် - ၁၇း၁၇။ ၈၊၅း၂၆။

**III. ကိုယ်တော်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့နားလည်သိရှိရသော၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဖြန့်ဖြူးကာ၊ ဖြည့်သွင်းခြင်းခံရသော သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့ကို လွတ်မြောက်စေသော၊ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေသော သမ္မာတရားဖြစ်သည်။**

A. ကျွန်ုပ်တို့သည် စိတ်ပျက်၍ ညှိုးငယ်ထိုင်းမှိုင်းခြင်း၊ အတွင်း၌ ဗလာဖြစ်ခြင်း ခံစားနေရသောအခါ၊ မိမိကိုယ်ကို ဖွင့်ပေး၍ နှုတ်ကပတ်တော်ထံ လာရောက်နိုင်ပါသည်။ အချိန်အတန်ငယ်ကြာအောင် ဖတ်ပြီးသည့်နောက် ကျွန်ုပ်တို့အတွင်း၌ တစ်စုံတစ်ရာသည် နိုးထလာကာ၊ သခင်ဘုရား၏မျက်မှောက်တော်ကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ကြရသည် - ဆာ၊ ၁၁၉း၂၅၊ ၃၇၊ ၄၀၊ ၅၀၊ ၈၈၊ ၉၃၊ ၁၀၇၊ ၁၄၉၊ ၁၅၄၊ ၁၅၆၊ ၁၅၉။

B. နှုတ်ကပတ်တော်ကို ဤနည်းလမ်း၌ ယူဆောင်ခြင်းအားဖြင့် သခင်ဘုရား၏ တစ်စုံတစ်ရာသည် ကျွန်ုပ်တို့အတွင်းသို့ ယူဆောင်ခံရသည်။ ဤသည်မှာ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၌ ရှင်သန်ခြင်း၊ လှုပ်ရှားခြင်း၊ လုပ်ဆောင်ခြင်းနှင့် ခွဲခြားပေးခြင်း၏ စစ်မှန်ခြင်းဖြစ်သည်။

C. နံနက်တိုင်းတွင် ကျွန်ုပ်တို့သည် ရေးသားထားသောနှုတ်ကပတ်တော်၌ အသက်ရှင်သောနှုတ်ကပတ်တော်ကို ထိတွေ့ကာ၊ ဘုရားဆိုင်ရာစစ်မှန်ခြင်းကို ရရှိခြင်း၊ သုံးပါးတစ်ပါးဘုရားကို ယူဆောင်ခံသောနှုတ်ကပတ်တော်အဖြစ် ပိုင်ဆိုင်ခြင်း၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ဖြည့်သွင်းခြင်းကို ရရှိနိုင်ကြသည် - ယော၊၁း၁။ ၁၀း၃၅။ ၅း၃၉-၄၀။ ၆း၆၃။ ၈၊ ၅း၂၆။ ၆း၁၇-၁၈။ ဆာ၊၁၁၉း၁၅။

1. ဘုရားသခင်၏ ဒြပ်သဘာဝကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဤသို့ ပို့လွှတ်ဖြန့်ဖြူးခြင်းသည် ကျွန်ုပ်တို့ကို အမျက်ဒေါသ၊ သဝန်တိုခြင်း၊ မုန်းတီးခြင်းနှင့် မာန်မာန စသည့် အနုတ်လက္ခဏာအရာများမှ လွတ်မြောက်စေသည်။ ၎င်း သည် အမျိုးမျိုးသော လိမ်ညာမှုမှ လွတ်မြောက်စေကာ၊ ကျွန်ုပ်တို့ကို စစ်မှန်သော လွတ်လပ်ခြင်း၊ စစ်မှန်သော လွတ်ခြင်းကို ရရှိစေသည်။

2. ကျွန်ုပ်တို့သည် လွတ်စေခြင်းခံရသည်နှင့်အမျှ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ ခွဲခြားပေးခြင်း၊ ဘုရားသခင်ထံသို့ သန့်ရှင်းစေခြင်းအား အနေအထားဆိုင်ရာ၌သာမက၊ အတွင်းပင်ကိုစိတ်ဆိုင်ရာ၌လည်း ရရှိစေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်လာကြသည်၊ အကြောင်းမှာ ကိုယ်တော်၏ အနှစ်သာရသည် ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာခြင်း ရှိသောကြောင့် ဖြစ်သည်။

D. နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ထံသို့ ဤနည်းလမ်းဖြင့် လာရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ထံသို့ နံနက်တိုင်းနှင့် ဖြစ်နိုင်လျှင် အခြားအချိန်များတွင်လည်း လာရန် လိုအပ်သည်။

E. နှုတ်ကပတ်စကားသည် ကျွန်ုပ်တို့၏ဝိညာဉ်ရှိ အသက်ရှင်သောဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အနှစ်သာရဖြင့် သန့်ရှင်းစင်ကြယ်ခြင်း ခံရကြသည်။

F. နှုတ်ကပတ်တော်ကို ဤနည်းလမ်း၌ ထိတွေ့ခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ တစ်နေ့ပြီးတစ်နေ့ ပေါင်းထည့်ခြင်း ရှိနေသည်။ ရလဒ်အနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စိမ့်ဝင်ပျံ့နှံ့ခံရကာ၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်လာကြသည်။

G. ကျွန်ုပ်တို့၏ အရေးကြီးသော လိုအပ်ချက်မှာ အသက်ရှင်သော သုံးပါးတစ်ပါးဘုရားကို ရေးသားထားသောနှုတ်ကပတ်တော်၊ အသက်ရှင်သော နှုတ်ကပတ်တော်၊ ယူဆောင်ခံရသော ဘုရားသခင်၏နှုတ်ကပတ်တော်မှတစ်ဆင့် ကျွန်ုပ်တို့ အထဲသို့ ဖြည့်သွင်းပေးခြင်းနှင့် ဆောင်ယူခံရခြင်း ရှိဖို့ဖြစ်သည်။

## IV. **သမ္မာတရား၏နှုတ်ကပတ်စကားမှတစ်ဆင့် သန့်ရှင်းစင်ကြယ်ပေးခြင်းသည် ကွဲပြားခြင်းအကြောင်းရင်းများကို ဖြေရှင်းခြင်းအားဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်း ရလဒ်ထွက်ပေါ်လာစေသည်။ သမ္မာတရားသည် သန့်ရှင်းစင်ကြယ်စေသည်၊ သန့်ရှင်းစင်ကြယ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ရလဒ်ထွက်ပေါ်လာစေသည် - ယော၊၁၇း၁၄-၂၄။**

A. သားတော် သခင်ယေရှုသည် သမ္မာတရားဖြစ်သည်။ ဝိညာဉ်တော်သည် သမ္မာတရား၏ ဝိညာဉ်တော်ဖြစ်သည်။ ခမည်းတော်၏ နှုတ်ကပတ်စကားသည် သမ္မာတရားဖြစ်သည် - ၁း၁၄၊ ၁၇။ ၁၄း၆၊ ၁၇။ ၁၇း၁၇။ ၁ယော၊၅း၆။
   1. ခမည်းတော်သည် သားတော်၌ ကိုယ်ထင်ရှားပြီး၊ သားတော်သည် သမ္မာတရား၏ဝိညာဉ်တော်အဖြစ် သိနားလည်ရကာ၊ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်သည် - ကော၊၂း၉။ ယော၊၁၄း၁၇။ ၁၆း၁၃။ ၉၊၆း၁၇-၁၈။
   2. ကျွန်ုပ်တို့သည် ဖွင့်ထားသောစိတ်နှလုံးနှင့် ဖွင့်ထားသောဝိညာဉ်ဖြင့် နှုတ်ကပတ်တော်ထံ လာသောအခါတိုင်း၊ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်နှစ်ခုလုံးကို သမ္မာတရားအဖြစ် ကျွန်ုပ်တို့ ချက်ချင်း ထိတွေ့ရသည်။

B. သန့်ရှင်းစင်ကြယ်ပေးသောစကားတော်၊ သန့်ရှင်းစင်ကြယ်ပေးသောဝိညာဉ်တော်၊ သန့်ရှင်းစင်ကြယ်ပေးသောအသက် နှင့် သန့်ရှင်းစင်ကြယ်ပေးသော ဘုရားသခင် အားလုံးတို့သည် တစ်ခုတည်းဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းစင် ကြယ်ခြင်းခံရသောအခါ၊ အလိုအလျောက် တစ်လုံးတစ်ဝဖြစ်လာကြသည်၊ အကြောင်းမှာ ကွဲပြားခြင်း၏ အကြောင်းရင်းများအားလုံးသည် ဖယ်ရှားခံရပြီဖြစ်သောကြောင့် ဖြစ်သည်။

C. ယော ၁၇း၁၇-၂၃ ၌ သန့်ရှင်းစင်ကြယ်ခြင်းသည် စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းကို ထွက်ပေါ်လာစေကြောင်း၊ အကြောင်းမှာ ဤသန့်ရှင်းစင်ကြယ်ခြင်းသည် ကျွန်ုပ်တို့ကို သုံးပါးတစ်ပါးဘုရား၌ စောင့်ထိန်းပေးကြောင်း တွေ့ရ သည်။ အငယ်၊၂၁ တွင် "ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဖ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်း ဖြစ်စေ ခြင်းငှာ ဆုတောင်းပါ၏" ဟုပြောထားသည်။
   1. တစ်လုံးတစ်ဝဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် "ငါတို့" ၌၊ သုံးပါးတစ်ပါးဘုရား၌ ရှိရန် လိုအပ်သည်။
   2. သုံးပါးတစ်ပါးဘုရား၌ ရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ ကွဲပြားခြင်း အကြောင်းရင်းများအားလုံးကို ဆက်ဆံဖြေရှင်းသည့် သန့်ရှင်းစင်ကြယ်ပေးသော သမ္မာတရားအားဖြင့် ဖြစ်သည်။
   3. သုံးပါးတစ်ပါးဘုရား၌ စောင့်ထိန်းခံရခြင်းအားဖြင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ကြသည်၊ သို့သော် သုံးပါးတစ်ပါးဘုရားထဲမှ ထွက်သွားသောအချိန်တိုင်း ကျွန်ုပ်တို့သည် ချက်ချင်း ကွဲပြားသွားကြသည်။
   4. ကျွန်ုပ်တို့သည် နံနက်ခင်းတိုင်း သခင်ဘုရားကို ဆက်သွယ်ရမည်၊ အသက်ရှင်သောနှုတ်ကပတ်တော်ကို ထိတွေ့ရ မည်၊ ဘုရားဆိုင်ရာစစ်မှန်ခြင်းကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဖြည့်သွင်းခြင်း ရှိရမည်ဖြစ်သည်။ ဤနည်းလမ်း၌ သခင်ဘုရားကို ဆက်သွယ်သည်နှင့်အမျှ ကျွန်ုပ်တို့သည် ကွဲပြားခြင်း၏ အကြောင်းရင်းများကို အောင်မြင်ကြ သည်။
   5. ကျွန်ုပ်တို့၌ရှိသည့် ကွဲပြားစေသော အကြောင်းရင်းများသည် သန့်ရှင်းစင်ကြယ်ပေးသော သမ္မာတရားအားဖြင့် သေစေခြင်းခံရသည့်အခါ ကျွန်ုပ်တို့သည် စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ ခေါ်ဆောင်ခံရကြသည်၊ အကြောင်းမှာ သန့်ရှင်းစင်ကြယ်ခြင်းသည် ကျွန်ုပ်တို့ကို သုံးပါးတစ်ပါးဘုရား၌ စောင့်ထိန်းပေးသည်။
   6. သမ္မာတရား၏ နှုတ်ကပတ်စကားမှတစ်ဆင့် သန့်ရှင်းစင်ကြယ်ခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ထွက်ပေါ်လာစေပြီး၊ ယင်းမှာ သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝဖြစ်ခြင်း ကြီးမားကျယ်ပြန့်လာခြင်းဖြစ်သည် - အငယ်၊၂၁။

## V. **ကွဲပြားခြင်း၏ အကြောင်းရင်း လေးခုရှိသည်**။

A. ဤအကြောင်းရင်းများမှ ပထမတစ်ခုမှာ လောကဆန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သွင်ပြင်တစ်ခုခု၌ လောကကို ချစ်နေသရွေ့ ထိုလောကဆန်ခြင်းသွင်ပြင်သည် ကွဲပြားခြင်း၏ အကြောင်းရင်း ဖြစ်လာသည် - အငယ်၊၁၄-၁၆၊ ၁၈။ ၁ယော၊၂း၁၅-၁၇။ ၅း၁၉။

B. နောက်ထပ် ကွဲပြားခြင်း၏ အကြောင်းရင်းမှာ ရည်မှန်းချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်မှတစ်ဆင့် သခင်ဘုရားကို ဆက်သွယ်ပြီး၊ ကိုယ်တော်ကိုယ်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းရန် အခွင့်ပေးမည်ဆိုလျှင် သမ္မာတရားသည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ထည့်သွင်းခံရကာ၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို သေစေမည်ဖြစ်သည် - ညွှန်း၊ ဟေရှာ၁၄း၁၃။

C. ကွဲပြားခြင်း၏ တတိယအကြောင်းရင်းမှာ မိမိကိုယ်ကို ချီးမြှောက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သူမျှမဖြစ်ရန် နှင့် ခရစ်တော်ကိုသာ တစ်စုံတစ်ဦးဖြစ်စေရန် ချီးမြှောက်ကာ၊ စကြဝဠာဆိုင်ရာ ပထမနေရာရှိသောသူဖြစ်စေရန် လို လားဆန္ဒရှိသင့်ပါသည် - ကော၊၁း၁၈။ ၂ကော၊၄း၅။ ၃ယော၊၉-၁၁။

D. ကွဲပြားခြင်း၏ စတုတ္ထအကြောင်းရင်းမှာ ထင်မြင်ချက်များနှင့် ခံယူချက်များဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ထင်မြင်ချက်ကို မကိုင်စွဲထားသင့်ဘဲ၊ သခင်ဘုရား၏ပန်းတိုင်ကိုသာ ရိုးရိုးလေး ရှာဖွေဆည်းပူးသင့်သည်၊ ယင်းမှာ အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အသက်နှင့် အရာခပ်သိမ်းအဖြစ် ပြန်လည်ရယူခြင်းဖြစ်သည် - မ၊ ၁၆း၂၁-၂၄။ ညွှန်း၊ ဗျာ၊၃း၁၄။

## VI. ကျွန်ုပ်တို့သည် မိမိကိုယ်ကိုထဲမှထွက်၍ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့သောအခါ ကျွန်ုပ်တို့ တစ်လုံးတစ်ဝဖြစ်လာကြပြီး၊ တစ်လုံးတစ်ဝတည်းအဖြစ်သို့ စုံလင်စေခြင်းလည်း ခံရသည် - ယော၊၁၇း၁၁၊ ၁၇၊ ၂၁-၂၃။

A. ကျွန်ုပ်တို့ကိုယ်တိုင်၌ ကွဲပြားခြင်း၏ အကြောင်းရင်း လေးခုရှိနေသည်။ ကျွန်ုပ်တို့သည် မိမိအတွက်၌သာရှိလျှင် ဤအရာလေးခုမှ လွတ်မြောက်နိုင်မည်မဟုတ်ပါ။

B. သန့်ရှင်းစင်ကြယ်ခံရခြင်းမှာ မိမိကိုယ်တိုင်ထဲမှထွက်၍ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ကာ၊ ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ရန် အခွင့်ပေးခြင်းဖြစ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ စုံလင်ခံရကြသည် - အငယ်၊၂၁-၂၃။

C. ဤသန့်ရှင်းစင်ကြယ်ခြင်းသည် သမ္မာတရားတည်းဟူသော နှုတ်ကပတ်စကားအားဖြင့်သော်လည်းကောင်း၊ သမ္မာတရား၏ ဝိညာဉ်တော်ဖြစ်သော ဝိညာဉ်တော်အားဖြင့်လည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။

1. ကျွန်ုပ်တို့သည် နံနက်ခင်းတိုင်း၌ နှုတ်ကပတ်တော်ထံ လာသည့်အခါ၊ နှုတ်ကပတ်တော်ကို အပြင်ပိုင်း ထိတွေ့ကြသော်လည်း၊ အတွင်းပိုင်းတွင် ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ထိတွေ့နေခြင်းဖြစ်သည်။ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော် တည်းဟူသော စစ်မှန်ခြင်းနှစ်ခုလုံးအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခံရသည်။
2. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ထိတွေ့လေလေ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ထိတွေ့လေလေ၊ ကျွန်ုပ်တို့ သည် မိမိတို့ကိုယ်ကိုမှ ပို၍ ထွက်လာလေလေဖြစ်သည်။ ကျွန်ုပ်တို့သည် ကိန်းဝပ်ရာနေရာတစ်ခုဖြစ်သည့် အတ္တမှ အခြားသောကိန်းဝပ်ရာနေရာဖြစ်သည့် သုံးပါးတစ်ပါးဘုရားသို့ ပြောင်းရွှေ့ကြပါသည်။
3. နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် ဤပြောင်းရွှေ့မှုကို လုပ်ရန် လိုအပ်သည်၊ အကြောင်းမှာ အတ္တ၌ လောကဆန်ခြင်း၊ ရည်မှန်းချက်၊ မိမိကိုယ်ကိုချီးမြှောက်ခြင်းနှင့် ထင်မြင်ချက်များ၊ ခံယူချက်များရှိနေသောကြောင့် ဖြစ်သည်။
4. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို စဉ်ဆက်မပြတ် ထိတွေ့၍ တစ်နေ့ပြီးတစ်နေ့ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ထိတွေ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခံရလိမ့်မည် ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် နေထိုင်ရာအဟောင်းဖြစ်သည့် မိမိကိုယ်ကိုမှ ထွက်ကာ၊ ကျွန်ုပ်တို့၏ နေထိုင်ရာအသစ်ဖြစ်သည့် သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ကြခြင်းဖြစ်သည်။
5. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်မှ တစ်ကြိမ်ထွက်သွားပြီးသည်နှင့် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခံရကာ၊ ကွဲပြားခြင်း၏ အကြောင်းရင်းများမှ ခွဲခြားပေးပြီး၊ ဘုရားသခင်ထံသို့သာမက၊ ဘုရားသခင်အထဲသို့ ခွဲခြားပေးသည်။
6. စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းရှိရန်၊ ကျွန်ုပ်တို့သည် ရှေ့ဦးစွာ မိမိတို့ကိုယ်တိုင်မှထွက်ကာ သုံးပါးတစ်ပါးဘုရရားအထဲသို့ ပြောင်းရွှေ့ရမည် (အငယ်၊၁၇၊ ၂၁)။ ထိုနောက် ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်စေရန် အခွင့်ပေးရမည်ဖြစ်သည် (အငယ်၊၂၃က)။

a. ဤစုံလင်ခံရသော တစ်လုံးတစ်ဝဖြစ်ခြင်းသည် စစ်မှန်သော တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းသည် အသက်၌ ကြီးထွားခြင်းဖြစ်သည် - ဧ၄း၁၆။

b. အသက်၌ကြီးထွားခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုထဲမှထွက်ကာ၊ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ကာ၊ ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ခွင့်ပြုခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါး ဘုရားအထဲသို့ ပြောင်းရွှေ့ပြီး၊ ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ခွင့်ပြုလျှင်၊ ကျွန်ုပ်တို့သည် မည်သည့် ဒေသန္တရ၌မဆိုရှိသည့် သန့်ရှင်းသူများနှင့် တစ်လုံးတစ်ဝဖြစ်နိုင်ကြမည်ဖြစ်သည်။

D. "အကျွန်ုပ်သည် သူတို့၌ ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝ တည်းအထဲသို့ စုံလင်စေခြင်းငှာ" - ယော၁၇း၂၃။

1. တစ်လုံးတစ်ဝတည်းအထဲသို့ စုံလင်ခံရခြင်းမှာ လောကဆန်ခြင်း၊ ရည်မှန်းချက်၊ မိမိကိုယ်ကို ချီးမြှောက်ခြင်းနှင့် ထင်မြင်ချက်များ၊ ခံယူချက်များမှ ကယ်လွှတ်ခံရခြင်းကို ဆိုလိုသည်။
2. "အကျွန်ုပ်သည် သူတို့၌ရှိ၍" - ဤသည်မှာ သားတော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ကာ လှုပ်ရှားနေကြောင်း ဆိုလိုပါသည်။
3. "ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၏" - ဤသည်မှာ ခမည်းတော်သည် သားတော်၌ အသက်ရှင်ကာ လှုပ်ရှားနေကြောင်း ဆိုလိုပါသည်။
4. တစ်နည်းအားဖြင့် သားတော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ကာ လှုပ်ရှားနေစဉ် ခမည်းတော်သည် ကိုယ်တော်၌ အသက်ရှင်ကာ လှုပ်ရှားနေခြင်းဖြစ်သည်။ ဤနှစ်ဆသော အသက်ရှင်ခြင်းနှင့် လှုပ်ရှားခြင်းအားဖြင့် ကျွန်ုပ်တို့ သည် တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ စုံလင်ခံရကြကာ၊ ခမည်းတော်ကို ဘုန်းတော်၌ ထင်ရှားစေကြသည်။

E. ရည်မှန်းချက်ထားခြင်းကို ယောဟန် ၁၇း၁ တွင် ရည်ညွှန်းထားသည်။ မိမိကိုယ်ကို ချီးမြှောက်ခြင်းအား အငယ် ၂၂ တွင် ဖော်ပြ၍၊ ခံယူချက်များနှင့် ထင်မြင်ချက်များကို အငယ် ၂၃ တွင် ဖော်ပြထားသည်။

1. သုံးပါးတစ်ပါးဘုရား၌ မည်သည့် ရည်မှန်းချက်ထားခြင်းမျှ မရှိပါ၊ ခမည်းတော်၏ ဘုန်းတော်၌ မိမိကိုယ်ကိုချီး မြှောက်ခြင်း မရှိပါ၊ ခရစ်တော်အသက်ရှင်ကာ စိုးစံသောနေရာ၌ မည်သည့်ထင်မြင်ချက်မျှ မရှိပါ။
2. အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ နယ်ပယ်၌ ရည်မှန်းချက် သည် ဝါးမျိုခံရကာ၊ မိမိကိုယ်ကို ချီးမြှောက်ခြင်းသည် ပျောက်ကွယ်သွား၍၊ ခံယူချက်များနှင့် ထင်မြင်ချက်များ သည် သေစေခြင်းခံရသည်။ ဤနေရာတွင် စာတန်စနစ်တကျဖွဲ့စည်းထားသည့် လောကရှိ ကွဲပြားခြင်း၏ ဆိုးညစ်မှု မရှိပါ (အငယ်၁၅)၊ ထိုအစား စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းသာ ရှိပါသည်။

F. စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခမည်းတော်၌ အသက်ရှင်ခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ခွင့်ပြု ခြင်းနှင့် ခမည်းတော်၏ ဘုန်းတော်၊ ကိုယ်တော်၏ ထင်ရှားခြင်း၌ အသက်ရှင်ခြင်းဖြစ်သည် - အငယ်၂၂၊ ၂၄။

1. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုထဲမှထွက်၍ သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းရွှေ့ကာ၊ ခမည်းတော်၏ ထင်ရှား ခြင်း၊ ကိုယ်တော်၏ ဘုန်းတော်အတွက် ကိုယ်တော်၌ တည်နေရန် လိုအပ်သည်။
2. စစ်မှန်သော တည်ဆောက်ခြင်း၊ တစ်လုံးတစ်ဝဖြစ်ခြင်းသည် သုံးပါးတစ်ပါးဘုရား၌သာ ဖြစ်နိုင်ချေရှိပြီး၊ ခရစ် တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်သည့်အခါမှသာ ၎င်းသည် လွှမ်းမိုးအောင်နိုင်ခြင်းရှိသည်။ ထိုအခါ ကျွန်ုပ်တို့သည် ခမည်းတော်ကို ဘုန်းတော်၌ ထင်ရှားစေကာ၊ စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို တွေ့ကြုံခံစားနိုင်မည် ဖြစ်သည်။

*© 2021 Living Stream Ministry*